နိုဝင်ဘာလ 4 ရက်၊ 2024

# ဝတ်စားဆင်ယင်မှုစည်းမျဉ်းနှင့်ပတ်သက်၍ တိုက်ပွဲဝင်သူအဖြစ်မှ ပြည်နယ်အကြံပေးတစ်ဦး ဖြစ်လာခဲ့သည့် Lakeside High အထက်တန်းကျောင်း စီနီယာတစ်ဦး

2024-2025 ခုနှစ်အတွက်နိုင်ငံတော် ကျောင်းသား အကြံပေးကောင်စီ (State Student Advisory Council)သည် ၎င်း၏ ပထမဆုံးအကြိမ် အစည်းအဝေးအား နိုဝင်ဘာလ ၌ ကျင်းပရာတွင် Lakeside အထက်တန်းကျောင်း၏ စီနီယာဖြစ်သူ Anna Katz သည်လည်း Georgia ၏ အနာဂါတ်ပညာရေးအား ပုံဖော်ရန် အသံလွှင့်တင်အကြံပြုကြသူများအကြား ပါဝင်မည်ဖြစ်သည်။ ပြည်နယ်စာသင်ကျောင်း ကြီးကြပ်သူဌာနမှူး Richard Woods မှရွေးချယ်ခဲ့သော ပြည်နယ်တစ်ဝှမ်းရှိ ကျောင်းသား 74 ဦးထဲမှ တစ်ဦးအဖြစ်ရွေးချယ်ခံခဲ့ရသော Anna သည် သူမ၏ကျောင်းအတွက်သာမက DeKalb County ကျောင်းခရိုင် (*DCSD*) တစ်ခုလုံးကိုပါ ယခုနှစ် ကောင်စီတွင် ကိုယ်စားပြုသွားမည် ဖြစ်သည်။

သူမ၏ စည်းဝေးပွဲရက်ချိန်းအကြောင်း သိရှိခဲ့ရပုံကို ပြန်ပြောင်းစဉ်းစားရင်းဖြင့် Anna မှ "ကျွန်မ အရမ်း စိတ်လှုပ်ရှားခဲ့ရပါတယ်၊" ဟု မှတ်ချက်ပြုခဲ့သည်။ "ကျွန်မ ချက်ချင်းဆိုသလိုပဲ အစည်းအဝေးတွေမှာ ကျွန်မ တင်ပြချင်တဲ့ အကြောင်းအရာတွေကို စတင် စဉ်းစားခဲ့ပါတယ်။"

အကြံပြုလှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ Anna ၏ စိတ်အားထက်သန်မှုသည် စင်စစ် သူမ၏ ဒုတိယနှစ်အတွင်း DCSD ၏ ဝတ်စားဆင်ယင်မှုစည်းမျဉ်း မူဝါဒနှင့်ပတ်သက်၍ သူမ၏ တုံ့ပြန်မှတ်ချက်များ ပေးအပ်ခဲ့စဉ်ကတည်းက အမြစ်တွယ်ခဲ့ခြင်း ဖြစ်သည်။ လက်ရှိစည်းမျဉ်းစည်းကမ်းများသည် ခေတ်မီသော လူ့အဖွဲ့အစည်းစံနှုန်းများကို ထင်ဟပ်ခြင်း မရှိကြောင်း၊ ကျောင်းသူ၊ကျောင်းသား တစ်ဦးချင်းစီ၏ စုံလင်ပြည့်ဝရေးကို အာရုံစိုက်ထားစဉ်တွင် တစ်ဖက်၌လည်း ကျောင်းသူ၊ကျောင်းသားများ၏ တစ်ဦးချင်းစီကွဲထွက်ကွဲပြားမှုအပေါ် ပိုမိုလေးစားပေးဖို့ရန်ဟု မူဝါဒကို ပြန်လည်ပြင်ဆင်ရန်မှာ ခရိုင်အတွက် အရေးကြီးသည့် လုပ်ရှားမှုတစ်ခုဖြစ်ကြောင်း သူမမှ ပြောကြားခဲ့သည်။

"အဲဒီ အတွေ့အကြုံတွေဟာဆိုရင် ဆုံးဖြတ်ချက်ချသူတွေစီအထိ အလှမ်းမီရောက်ရှိနိုင်မှုဟာ ဘယ်လောက်ထိ အကျိုးသက်ရောက်မှုရှိတယ်ဆိုတာကို သိရစေတယ်" ဟု Anna မှ ပြောကြားခဲ့သည်။ "အပြောင်းအလဲတွေအတွက် ထောက်ခံ ပြောဆိုရတဲ့အခါမှာ တာဝန်ရှိသူတွေနဲ့ တိုက်ရိုက်ဆက်သွယ်နိုင်ရင် ပိုမိုလွယ်ကူပါတယ်၊ ကျောင်းသားရေးရာ အကြံပေးကောင်စီမှာ ပါဝင်ခြင်းဟာလည်း တကယ်တော့ ပြည်နယ်အဆင့်အထိ ကျောင်းသားတွေရဲ့ အသံ ရောက်ရှိ၊ ကိုယ်စားပြုပေးနိုင်ဖို့ "ပြီးပြည့်စုံတဲ့ အခွင့်အရေးတစ်ခုပါပဲ။

စာသင်ကျောင်း ကြီးကြပ်သူဌာနမှူး Woods ကလည်း ကောင်စီ အဖွဲ့ဝင် အသစ်များအတွက် စိတ်အားထက်သန်မှုကို ဖော်ပြခဲ့သည်။

"ဒီလူငယ်ခေါင်းဆောင်တွေဟာ Georgia ရဲ့ အနာဂတ်ကို ကိုယ်စားပြုပြီး ကျွန်ုပ်တို့ ပြည်နယ်ရဲ့ ပညာရေးလမ်းကြောင်းကို ဆက်လက်ပုံဖော်နေတာကြောင့် သူတို့ရဲ့အသံတွေက အရေးကြီးပါတယ်" ဟု ပြည်နယ်ကျောင်းအုပ်ကြီး Woods က ပြောကြားခဲ့သည်။ "ကျောင်းသားတိုင်း အောင်မြင်ဖို့ အခွင့်အလမ်းရှိစေရေးအတွက် အတူတကွ ပူးပေါင်းလုပ်ဆောင်ကြတဲ့အတွက် သူတို့ရဲ့ အကြံဉာဏ်တွေ၊ ထိုးထွင်းဉာဏ်တွေ နဲ့ ရှုထောင့်တွေကို နားထောင်ဖို့ ကျွန်ုပ် မျှော်လင့်နေပါတယ်။"

Georgia ပညာရေးဌာနမှ ဖန်တီးထားသည့် နိုင်ငံတော် ကျောင်းသား အကြံပေးကောင်စီ (State Student Advisory Council) သည် ကျောင်းသားရေးရာ မူဝါဒများအား ချမှတ်ရာတွင် ပါဝင်ဆောင်မှုပြုသည်။ ကောင်စီသည် ပြည်နယ်တစ်ဝှမ်းရှိ မတူကွဲပြားသော ကျောင်းသားများကို စုစည်းခြင်းအားဖြင့် ၎င်းတို့၏ အတွေ့အကြုံများကို ထင်ဟပ်စေသော ပညာရေးမူဝါဒများ ဖြစ်ပေါ်လာစေရန် သေချာအောင် ဆောင်ရွက်ပေးသည်။ အဖွဲ့ဝင်များကို ၎င်းတို့၏ ခေါင်းဆောင်နိုင်စွမ်း၊ ရပ်ရွာဝန်ဆောင်မှုနှင့် ပညာရေးဆိုင်ရာ အောင်မြင်မှုများအတွက် ရွေးချယ်ထားခြင်း ဖြစ်သည်။

ထိုကောင်စီသည် ကျောင်းသားများ နှင့် ပြည်နယ်ပညာရေးအရာရှိများကြားတွင် အရေးကြီးသော ချိတ်ဆက်မှုတစ်ခုအဖြစ် ဆောင်ရွက်သည်။ အဖွဲ့ဝင်များသည် ပြည်နယ်မူဝါဒများနှင့်ပတ်သက်၍ အကြံဉာဏ်ကောင်းများ ပေးအပ်ကြပြီး၊ အဓိက ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကာ ၎င်းတို့၏ ကျောင်းများကို ကိုယ်စားပြု၍ Georgia တစ်ဝှမ်းရှိ လူထုဝန်ဆောင်မှုပရောဂျက်များတွင် တစ်နှစ်ပတ်လုံး ပါဝင်ဆောင်ရွက်ကြသည်။

DCSD ၏ တစ်ဦးတည်း ကိုယ်စားလှယ်တစ်ဖြစ်လဲ (metro Atlanta) အရပ်မှ ရွေးချယ်ခံရသူ အနည်းငယ်ထဲမှ တစ်ဦးအပါအဝင်လည်း ဖြစ်သည့် Anna သည် သူမကိုယ်စားပြုသော မတူကွဲပြားသည့် ကျောင်းသားလူထုအကြောင်း ကောင်းစွာ နားလည်သိရှိထားသည့်အပြင် ကျယ်ပြန့်သောရှုထောင့်များကိုပါ ချဲ့ထွင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပါသည်။

"ကျွန်မက အမျိုးသမီး ကျောင်းသူဖြစ်ပြီး၊ ဂျူးလူမျိုးဖြစ်လို့ အဲဒီအတွေ့အကြုံတွေကို မျှဝေနိုင်ပါတယ်" ဟု သူမက ဆိုသည်။ "ဒါပေမဲ့ ဟစ်စပန်းနစ် (Hispanic)၊ လူမည်း (Black) ဒါမှမဟုတ် အမျိုးသား ကျောင်းသားတွေရဲ့ အတွေ့အကြုံတွေကို အပြည့်အဝ နားမလည်တာကိုတော့ ကျွန်မကိုယ်တိုင်လည်း ဝန်ခံပါတယ်။ ကျွန်မတို့ရဲ့ အစည်းအဝေးတွေမှာ သူတို့ရဲ့ စိုးရိမ်မှုတွေကို တက်ကြွစွာနားထောင်ပေးဖို့နဲ့ ရှေ့တန်းတင်ပေးဖို့ကတော့ ကျွန်မအတွက် စိန်ခေါ်မှုတွေပဲ ဖြစ်ပါတယ်။"

Anna ကိုင်တွယ်ဖြေရှင်းမည့် အဓိက ပြဿနာများထဲမှတစ်ခုမှာ ကျောင်းများတွင် စည်းကမ်းမညီမျှမှုဖြစ်သည်။ Georgia Tech တွင်ပါ တစ်ပြိုင်တည်း ကျောင်းနစ်ကျောင်း စာရင်းအပ်ထားသည့် သူမသည် လက်ရှိတွင် Atlanta အများပြည်သူပိုင် စာသင်ကျောင်းများရှိ ကျောင်းစည်းမျဉ်းစည်းကမ်း မတူညီပြားမှုများအပေါ် အဓိကအာရုံစိုက်ထားသော လူထုမူဝါဒဆိုင်ရာ အတန်းပရောဂျက်တစ်ခုမှတစ်ဆင့် ဤခေါင်းစဉ်အကြောင်းအရာအကြောင်း ပိုမိုနက်ရှိုင်းစွာ စူးစမ်းလေ့လာလျက် ရှိသည်။ ကျောင်းဘုတ်အဖွဲ့ဝင်တစ်ဦးနှင့်ပူးပေါင်းကာ သူမသည် လူမည်းကျောင်းသားများအနေနှင့် လူဖြူများနှင့် နှိုင်းယှဉ်ပါလျှင် အချိုးမညီမျှစွာ မြင့်မားသော နှုန်းထားဖြင့် စည်းကမ်းလိုက်နာနေရခြင်းအချက်ကို လိုက်လံ ဆန်းစစ်လျက်ရှိသည်။

"ကောင်စီမှာ ကျွန်မလုပ်ဆောင်ချင်တဲ့ နံပါတ်တစ်အချက်ကတော့ စည်းကမ်းကွာဟချက်တွေကို လျှော့ချဖို့နဲ့ ကျောင်းသားအားလုံး ကျောင်းတက်နိုင်ဖို့သေချာအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာပဲဖြစ်တယ်" ဟု Anna မှ ဆိုသည်။ "ပြီးတော့ ကျောင်းစည်းကမ်းတွေကြောင့် ကျောင်းထွက်ရနှုန်းကို ဖြေရှင်းဖို့ပဲ ဖြစ်ပါတယ်။"

သူမ၏ စည်းရုံးရေး ကြိုးပမ်းမှုများအပြင် Anna သည် သူမ၏ ကျောင်းအသိုင်းအဝိုင်းအတွင်း တက်ကြွသော ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါသည်။ သူမသည် ဂျူးလူမျိုး ကျောင်းသားသမဂ္ဂ၏ ဥက္ကဋ္ဌ အဖြစ် နှင့် Mock Trial အဖွဲ့၏ တွဲဖက် ဥက္ကဋ္ဌ အဖြစ်လည်း တာဝန်ယူထားလျက် ရှိသည်။ နိုင်ငံသားအခွင့်အရေးအတွက် ရှေ့နေတစ်ဦးဖြစ်လိုသော ဆန္ဒနှင့်အတူ သူမသည် ကောင်စီရှိ သူမ၏ အခန်းကဏ္ဍအား အနာဂါတ်တွင် ပိုမိုကျယ်ပြန့်သော လူမှုအကျိုးသက်ရောက်မှုများသို့ လှမ်းချီတက်လှမ်းနိုင်ရန် ခြေနင်းအဆင့်တစ်ခုအဖြစ် ရှုမြင်လျက်ရှိသည်။

"DeKalb ကျောင်းသူကျောင်းသားများ အားလုံးကို ကိုယ်စားပြုဖို့ မျှော်လင့်နေပါတယ်" ဟု သူမကဆိုပါသည်။ "ကျွန်မတို့အတွက် တရားမျှတမှုရှိစေပြီး၊ လူတိုင်းကို အကျိုးပြုပေးနိုင်မယ့် အပြုသဘော အပြောင်းအလဲတွေကို မောင်းနှင်ဆောင်ရွက်ပေးနိုင်ဖို့ ကျွန်မ မျှော်လင့်မိပါတယ်။"

XXX